**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

အမိန့်ကြော်ငြာစာ အမှတ် ( ၅၈ /၂၀၁၈)

ရန်ကုန်၊ ၁၃၈၀ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်

(၂၀၁၈ ခုနှစ် ဇူလိုင်လ ၉ ရက်)

**စီးပွားရေးလုပ်ငန်း အသင်းအဖွဲ့များအတွက် သတ်မှတ်ချက်များ**

မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ (၂၀၁၇) ပုဒ်မ ၄၆၂ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသည် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇)၊ ပုဒ်မ ၃ (က) နှင့်အညီ စီးပွားရေး လုပ်ငန်း အသင်းအဖွဲ့ တစ်ခုသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) ပုဒ်မ ၄၂ အရ အစုရှယ်ယာ မတည်ငွေရင်း ထည့်ဝင်ခြင်း မရှိဘဲ ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ခုအနေဖြင့် မှတ်ပုံတင်နိုင်သည်။

၂။ စီးပွားရေးလုပ်ငန်း အသင်းအဖွဲ့ တစ်ခုသည် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ (၂၀၁၇) ပါ ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီများနှင့်သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များကို လိုက်နာခြင်း၊ မှတ်ပုံတင်အရာရှိထံသို့ အစီရင်ခံခြင်းနှင့် စာရွက်စာတမ်းများ ပေးပို့တင်ပြခြင်းအား ဆောင်ရွက်ရမည်။

၃။ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ(၂၀၁၇) ပုဒ်မ ၄၂ အရ စီးပွားရေးလုပ်ငန်း အသင်းအဖွဲ့ တစ်ခုအား လိုင်စင်ထုတ်ပေးရာတွင် မှတ်ပုံတင်အရာရှိသည် အောက်ဖော်ပြပါ အသင်းအဖွဲ့ အမျိုးအစားများအနက်မှ တစ်ခုခုကို သတ်မှတ်နိုင်သည်-

(က) **ပြည်ထောင်စုအဆင့် အသင်းအဖွဲ့** ။ အောက်ပါအချက် နှစ်ခုအနက် တစ်ခုခုနှင့် အကျုံးဝင်ရမည် -

(၁) အဆိုပါအသင်း၏ ဒါရိုက်တာအဖွဲ့တွင် ခုနစ်ခုထက်ပိုသော တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေထိုင်သူများ သို့မဟုတ် မှတ်ပုံတင် အရာရှိမှ

အရေအတွက် သတ်မှတ်ခွင့်ပြုသော တိုင်းဒေသကြီးနှင့် ပြည်နယ် နေထိုင်သူများ ပါဝင်ခြင်း။

(၂) ဒါရိုက်တာအဖွဲ့တွင် နိုင်ငံခြားသား အများ ပါဝင်ခြင်း။

(ခ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အသင်းအဖွဲ့။** အဆိုပါ အသင်းအဖွဲ့၏ ဒါရိုက်တာအဖွဲ့တွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်တွင် နေထိုင်သူ အများစုပါဝင်ရမည်။

(ဂ) **ခရိုင်အဆင့်အသင်းအဖွဲ့။** အဆိုပါ အသင်းအဖွဲ့၏ ဒါရိုက်တာအဖွဲ့တွင် သက်ဆိုင်ရာ ခရိုင်အတွင်းတွင် နေထိုင်သူ အများစုပါဝင်ရမည်။

(ဃ) **မြို့နယ်အဆင့် အသင်းအဖွဲ့။** အဆိုပါ အသင်းအဖွဲ့၏ ဒါရိုက်တာအဖွဲ့တွင် သက်ဆိုင်ရာ မြို့နယ်တွင် နေထိုင်သူ အများစုပါဝင်ရမည်။

၄။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) ပုဒ်မ ၉၆ နှင့် ၉၇ တို့ပါ ပြဋ္ဌာန်းချက်များ အလို့ငှာ စီးပွားရေးအသင်းအဖွဲ့သည် ယင်း၏ နှစ်စဉ်အစီရင်ခံစာပေးပို့ရာတွင် အစီရင်ခံစာနှင့် အတူ နှစ်စဉ်အစီရင်ခံစာ ပေးပို့ချိန်တွင်ရှိသည့် အသင်းဝင်များစာရင်းကို မှတ်ပုံတင် အရာရှိထံသို့ ပေးပို့ရမည်ဖြစ်ပြီး အခြားနည်းဖော်ပြထားခြင်း မရှိလျှင် ၎င်း၏ အသင်းဝင်များ ပြောင်းလဲမှုကိုလည်း ပေးပို့ရန်မလို။

၅။ စီးပွားရေး လုပ်ငန်းအသင်းအဖွဲ့တစ်ခုသည် မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ (၂၀၁၇)အရ အသေးစား ကုမ္ပဏီတစ်ခုအဖြစ် ရပ်တည်ဆောင်ရွက်ခွင့် မရှိစေရ။

အောင်နိုင်ဦး

ညွှန်ကြားရေးမှူးချုပ်

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

စာအမှတ် ၊ ရက - ၁၀/၁ /၂၀၁၈ ( ၀၉၂၉၉ )

ရက်စွဲ ၊ ၂၀၁၈ ခုနှစ်၊ဇူလိုင်လ ၉ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာန(အားလုံး)
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး(အားလုံး)
ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံ ပြန်တမ်းတွင် ထည့်သွင်း ကြေညာပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်
ဦးစီးဌာန၊ ဌာနခွဲများနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ရုံးခွဲများအားလုံး
ရုံးလက်ခံ / မျှောစာတွဲ